1. Introducing myself
   I am Su Sandy Wint.I was born in Meik-Hti-lar(Myanmar). I have graduated from Technological University (Than-lyin),especially for Bachelor of Engineering in Information Technology.Now I am a research student from the Professor Funabiki's lab .After that ,I will continue to Master course.

2. Research Topic
   - Information Security System
   - Cryptography
   - Java Programming Learning Assistant System(JPLAS)

3. Activities and/or friends in our lab
   There are many foreign students such as Japanese ,Indonesia,Bangladesh,Chinese,Myanmar and Kenya in Professor Funabiki's lab. So we share our culture and languages between us .We work and discuss together for researches. We make party to get firmly friendship between us.Also we take a trip to have fun and relax for all. Moreover, Professor Funabiki leads to hold Communication class to improve English as well as Japanese with foreign students.For the lab,it also supports enough facilities to do research.

4. Life in Okayama and Okayama University
   The weather in Okayama is very nice to stay .As it is also located in the middle of Japan,we don't need to worry about earthquakes and storms.The living costs in Okayama are not expensive.The foods are fresh and delicious. The transportation is also convenient for al places.As one of the National Universities in Japan,Okayama University is very big.We can see many foreign students in the university.The environment in the university is clean and beautiful.And the library is also good to study.It supports various kinds of books with different languages.The cafeteria and canteens are wide.The foods and drinks are fresh,delicious and cheap.I really enjoy my life in Okayama .

5. Messages to future students
   Professor Funabiki is kind and smart to manage students.Seminars,meetings and discussions are valuable for students to improve their studies and researches.Also the lab members are helping each other and are working together.
   We are warmly welcome to you!!!

၁။ မိတ်ဆက်ခြင်း

ကျွန်မကမစုစန္ဒီဝင့်ဖြစ်ပါသည်။မိတ္ထီလာမြို့မှာမွေးဖွားခဲ့ပါသည်။သန်လျင်နည်းပညာတက္ကသိုလ်မှာ BE (IT) ဖြင့် အောင်မြင်ခဲ့ပါသည်။ယခု ပါမောက္ခ Funabiki ဌာနတွင် သုတေသနကျောင်းသူ တစ်ယောက်အဖြစ် research လုပ်နေပါသည်။ထိုမှတစ်ဆင့် Master Course ကိုတက်မှာဖြစ်ပါသည်။

၂။ သုတေသနခေါင်းစဉ်

- သတင်းအချက်အလက်နည်းပညာဆိုင်ရာလုံခြုံရေးစနစ်
- ပုက်စာရေးနည်း / ဖော်နည်း
- Java အထောက်အကူပြု သင်ကြားရေးစနစ်

၃။ လှုပ်ရှားဆောင်ရွက်မှုများ

ပါမောက္ခ Funabiki ဌာနတွင် ဂျပန်၊အင်ဒိုနီးရှား၊ဘင်္ဂလားဒေ့ရှ်၊တရုတ်၊ကိုရီးယား၊မလေးရှား၊မြန်မာ နှင့် ကင်ညာ အစရှိသော နိုင်ငံခြားကျောင်းသားကျောင်းသူများ ပညာသင်ကြားလျက်ရှိပါသည်။ယဉ်ကျေးမှုနှင့်ဘာသာစကားများကို အချင်းချင်းဖလှယ်ခွင့်ရှိသောကြောင့် ဗဟုသုတလည်းကြွယ်ဝပါသည်။သုတေသန လုပ်ငန်းများလုပ်ဆောင်ရာတွင်လည်း အတူတကွဆွေးနွေးတိုင်ပင်လုပ်ဆောင်ကြပါသည်။ရင်းနှီးမှုပိုမိုမြဲမြံနိုင်ရန်အတွက်လည်းပါတီများပြုလုပ်ကြပြီးတစ်နှစ်တစ်ခေါက် ဌာနခရီး ထွက်ကာ အပန်းဖြေအနားယူကြပါသည်။နိုင်ငံခြားကျောင်းသားကျောင်းသူများ အင်္ဂလိပ်စကားပြော စွမ်းရည်နှင့် ဂျပန်စကားပြောတိုးတက်ရန်အတွက် communication class များ ဦးဆောင်ကျင်းပလေ့ရှိပါသည်။ဌာနတွင်လည်း သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက်လည်း သင်ထောက်ကူပစ္စည်းများ စုံစုံလင်လင်ထောက်ပံ့ပေးထားပါသည်။

၄။ အိုကာယမ မြို့နှင့် တက္ကသိုလ် လူနေမှုဘဝပုံစံများ

အိုကာယမ မြို့သည် ရာသီဥတု အလွန်ကောင်းမွန်သောကြောင့် နေထိုင်ရန်သင့်လျော်ကောင်းမွန်သောမြို့တစ်မြို့ဖြစ်ပါသည်။ဂျပန်နိုင်ငံ၏ အလယ်တွင်တည်ရှိသောကြောင့် ငလျင်ဒဏ် / မုန်တိုင်းဒဏ် တို့အတွက် စိတ်ပူရန်မလိုအပ်ပါ။အစားအသောက်များမှာလည်း သန့်ရှင်းလတ်ဆတ်ပြီး အရသာရှိလှပါသည်။နေထိုင်မှုစရိတ်မှာလည်း သက်သာလှပြီး သွားလာရေးမှာလည်း လွယ်ကူအဆင်ပြေလှပါသည်။ဂျပန်နိုင်ငံ၏အမျိုးသားတက္ကသိုလ်များထဲမှ တစ်ခုအပါအဝင်ဖြစ်သော အိုကာယမ တက္ကသိုလ်သည် ကြီးမားပြီး နိုင်ငံခြားကျောင်းသားအလွယ်တကူ မြင်တွေ့နိုင်ပါသည်။ တက္ကသိုလ်ပတ်ဝန်းကျင်မှာလည်း သန့်ရှင်းလှပပါသည်။စာကြည့်တိုက်တွင်လည်း စာအုပ်များကို ဘာသာစကားအမျိုးမျိုးဖြင့် လေ့လာဖတ်ရှုနိုင်ပါသည်။တက္ကသိုလ် ရှိ စားသောက်ဆိုင်များမှာ လည်း ဧရိယာကျယ်ပြန့်ပြီး သန့်ရှင်းလတ်ဆတ်သောအစားအသောက်များကို ဈေးနှုန်းချိုသာစွာဖြင့်ဝယ်ယူစားသောက်နိုင်ပါသည်။အိုကာယမ တက္ကသိုလ်တွင် ကျောင်းတက်ရသည်ကို အမှန်ပင် နှစ်သက်မိပါသည်။

၅။ အနာဂတ်ကျောင်းသားများအတွက် အကြံပြုချက်များ

ပါမောက္ခ Funabiki သည် အကြင်နာတရားရှိပြီး ကျောင်းသားများကို နည်းစနစ်တကျ စီမံအုပ်ချုပ်သူ တစ်ယောက်ဖြစ်ပါသည်။Seminar များ၊ အစည်းအဝေးများပြုလုပ်သောကြောင့် ကျောင်းသူကျောင်းသားများအတွက် သုတေသနပြုလုပ်ရာတွင် များစွာအထောက်အကူဖြစ်စေပါသည်။Lab members များမှာလည်း တစ်ယောက်ကိုတစ်ယောက် ရိုင်းပင်းကူညီပြီး အတူတကွ ပူးပေါင်း လုပ်ဆောင်ကြပါသည်။ညီအစ်ကိုမောင်နှမများကို အိုကာယမ တက္ကသိုလ် မှ နွေးထွေးစွာ ကြိုဆိုနေပါသည်။